# ခေတ်စမ်းစာဆိုတို့၏ကဗျာ့သဘော

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း


မောင်ဉာဏ်ထွန်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၆ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ခေတ်စမ်းစာပေဆိုသည်မှာ ၁၉၃၀ ခုနှစ်ဝန်းကျင်က ရန်ကုန်တက္ကသိုလ်နယ်မြေတွင် ဖြစ်ပေါ်ခဲ့သည့် စာပေလှုပ်ရှားမှုတစ်ရပ်ဖြစ်ပါသည်။ ထိုစာပေလှုပ်ရှားမှုကြောင့် မြန်မာစာပေသည် ခေတ်ဟောင်းမှ ခေတ်သစ်ဆီသို့ ပြောင်းလဲခဲ့ရခြင်း ဖြစ်သည်။ ထို့ကြောင့် ဤကျမ်းတွင် ခေတ်စမ်းစာပေပေါ်ပေါက်လာပုံနှင့် ခေတ်စမ်းစာဆိုတို့၏ အားထုတ်ပုံတို့ကို တင်ပြထားပါသည်။

ခေတ်စမ်းစာပေသည် အကြောင်းမဲ့သက်သက်ပေါ်ပေါက်ခဲ့သည့်စာပေလှုပ်ရှားမှုမဟုတ်ပါ။ ခေတ်စမ်းစာပေပေါ်ပေါက်လာစေရန် လှုံ့ဆော်ပေးခဲ့သည့် ကာလနောက်ခံအခြေအနေများ၊ ခေတ်စမ်းဖြစ်တည်စေရန် ကျေးဇူးပြုခဲ့သည့် လူပုဂ္ဂိုလ်များ၏ ဆောင်ရွက်မှုများရှိပါသည်။ ထိုအခြေအနေတို့၏ သဘောတို့ကိုလည်းကောင်း၊ လူပုဂ္ဂိုလ်တို့၏ ကျေးဇူးတရားတို့ကိုလည်းကောင်း ပေါ်လွင်အောင် လေ့လာတင်ပြထားပါသည်။

ထို့နောက်ခေတ်စမ်းဟူသည် ပုံသဏ္ဌာန်ပိုင်းပြောင်းလဲမှုဖြစ်သည်၊ သို့မဟုတ် အကြောင်းအရာပိုင်းပြောင်းလဲမှုဖြစ်သည်၊ ခေတ်စမ်းသည် စာပေမှတ်တိုင်တစ်ခုဖြစ်သည်၊ သို့မဟုတ်  စာပေမှတ်တိုင်ဟုမဆိုအပ်စသည်ဖြင့် တစ်ခေတ်တစ်ချိန်က ငြင်းခုန်ခဲ့ကြသည့် သမိုင်းဖြစ်စဉ်များကိုလည်းလေ့လာတင်ပြထားပါသည်။

ထို့ပြင် ခေတ်စမ်းကဗျာတို့၏ အတွင်းသရုပ်ပိုင်းနှင့် ပုံသဏ္ဌာန်ပိုင်းတို့ ပြောင်းလဲလာပုံကိုတစ်ခန်းတစ်ကဏ္ဍအဖြစ် တင်ပြထားပါသည်။ အတွင်းသရုပ်ပိုင်းတွင် ဂန္ထဝင်ခေတ်ကနှင့်မတူတော့ဘဲ ခံစားမှုကြီးမားကျယ်ပြန့်လာသည့်အလျောက်  ခေတ်စမ်းစာဆိုတို့အနေဖြင့် ရှေးဦးပိုင်းတွင် ကိုယ်ရေးကိုယ်တာအကြောင်းအရာများ၊ ပတ်ဝန်းကျင်က  မျက်မြင်နားကြားအကြောင်းအရာများကို  ရေးဖွဲ့ခဲ့ကြရာမှ နောက်ပိုင်းတွင် အမျိုးသားနိုင်ငံရေး၊ ပြည်ထောင်စုစိတ်ဓာတ်စသည့်အကြောင်းအရာနယ်ပယ်များသို့တိုင် ကျယ်ပြန့်သွားခဲ့သည်ကို တင်ပြထားပါသည်။ ပုံသဏ္ဌာန်ပိုင်းတွင်လည်း ဂန္ထဝင်ပုံသဏ္ဌာန်များကို ပြုပြင်သုံးစွဲရာမှ ဘဲလက်ပုံသဏ္ဌာန်၊ ကာရန်မဲ့ပုံသဏ္ဌာန်များအထိတိုးတက်အောင် ဆောင်ရွက်သွားသည့် ခေတ်စမ်းစာဆိုတို့၏သမိုင်းကြောင်းကို ခြေရာခံတင်ပြထားပါသည်။

နောက်ဆုံးတွင် ခေတ်စမ်း၏ အတိမ်အနက်ကို ဖော်ကျူးသည့် အချက်များကို ထောက်ပြကာ ခေတ်စမ်းသည် မြန်မာစာပေသမိုင်းတွင် မှတ်တိုင်စိုက်ရမည့်ခေတ်တစ်ခေတ်ဖြစ်ပုံကို ပေါ်လွင်အောင်တင်ပြထားပါသည်။